# ပြတင်းတစ်ပေါက်စနစ်ကျင့်သုံးရန် မြန်မာနိုင်ငံအား ထိုင်းအဆိုပြု

သတင်းရင်းမြစ် > အောင်မင်း (ဘာသာပြန်သည်)
သောကြာနေ့၊ အောက်တိုဘာလ ၁၁ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၄၂ မိနစ်

နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးကဏ္ဍတွင် ပြတင်းတစ်ပေါက်စနစ်ကျင့်သုံးရန်အတွက် ထိုင်းဝန်ကြီးချုပ် ရင်လပ် ရှင်နာဝပ်ထရာမှ မြန်မာသမ္မတ ဦးသိန်းစိန်အား လွန်ခဲ့သော အင်္ဂါနေ့က အဆိုပြုခဲ့သည်။

မြန်မာ-ထိုင်း-အန္ဒိယ သုံးနိုင်ငံကုန်သွယ်ရေး ဖွံ့ဖြိုးရေးအား ထည့်သွင်းစဉ်းစားနိုင်ရန်နှင့် ကုန်ပစ္စည်းများ မှောင်ခို တင်သွင်းခြင်းအား တိုက်ဖျက်နိုင်ရန် ရည်ရွယ်ကာ ဝန်ကြီးချုပ်ရင်လပ်မှ သမ္မတဦးသိန်းစိန်အား ယခုကဲ့သို့ တောင်းဆို ခဲ့ခြင်းဖြစ်သည်။

ဘရူနိုင်းနိုင်ငံမြို့တော် ဘန်ဒါဆီရီဘက်ဂါဝန်တွင် ပြုလုပ်နေသည့် ၂၃ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး
နှင့် ဆက်စပ်ဆွေးနွေးပွဲများ ကျင်းပနေသည့် အချိန်တွင် သမ္မတဦးသိန်းစိန်နှင့်ဝန်ကြီးချုပ် ရင်လပ်တို့၏ နှစ်နိုင်ငံ သီးသန့်တွေ့ဆုံပွဲတွင် ယခုကဲ့သို့ အဆိုပြုလိုက်ခြင်းဖြစ်သည်ဟု ထိုင်းအစိုးရ၏ ပြောခွင့်ရ ပုဂ္ဂိုလ် Teerat Ratanasevi က ထိုင်းသတင်းဌာနသို့ အတည်ပြု ပြောကြားခဲ့သည်။

ထိုင်း-မြန်မာနှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် နယ်စပ်ကုန်သွယ်ရေးအား ထပ်မံမြှင့်တင်ရန် သဘောတူ ခဲ့ကြပြီး ကုန်ပစ္စည်းများအား မှောင်ခိုရောင်းဝယ်ဖောက်ကားခြင်းများ မြင့်တက်လာခြင်းကြောင့် နှစ်နိုင်ငံ စလုံးမှ အခွန်ငွေ များစွာ ဆုံးရှုံးနေသည်ကို သတိပြုမိခဲ့ကြသည်ဟုလည်း Teerat Ratanasevi က ရှင်းပြ ခဲ့သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ရင်လပ်မှ ပြတင်းတစ်ပေါက် စနစ်အား အသုံးပြုရန် အဆိုပြုခဲ့ခြင်းဖြစ်ပြီး ယင်းစနစ်နှင့် သက်ဆိုင်သည့် အသိပညာ ဗဟုသုတများနှင့် နည်းပညာများအား အပြန်အလှန် အကျိုးရှိ စေရေးအတွက် အကူအညီပေးရန်ကိုလည်း ထိုင်းနိုင်ငံမှ ပြင်ဆင်သွားမည်ဟု ပြောကြားခဲ့သည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ထိုင်းဝန်ကြီးချုပ်အနေဖြင့် နှစ်နိုင်ငံမှ ထိပ်တန်းအခွန်အရာရှိများ တွေ့ဆုံရန်နှင့် အားနည်းချက်များအား
ပြင်ဆင်နိုင်မည့် နည်းလမ်းများ ရှာဖွေရေးကိုလည်း အဆိုပြုသွားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ က ပြောကြား လိုက်သည်။

ပြတင်းတစ်ပေါက် စနစ်မှာ နိုင်ငံတကာ ကုန်သည်များ သို့မဟုတ် နယ်စပ်ဖြတ်ကျော် ကုန်ကူးသူများ အနေဖြင့် ကုန်သွယ်ရေးနှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ အထောက်အထားများအား နေရာတစ်ခုတည်း တွင်သာ တင်ပြရန်လိုအပ်သည်။ ယင်းစနစ်အား အသုံးပြုခြင်းဖြင့် ကုန်သည်များအနေဖြင့် နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခွင့်ရရန်အတွက် အာဏာပိုင်များထံမှ လိုအပ်သော ခွင့်ပြုချက်များနှင့် သက်သေခံ အထောက်အထား များအား ရယူရန်အချိန်များ နည်းသွားမည်ဖြစ်ပြီး ကုန်သွယ်ရေးတွင် လည်း ပိုမိုထိရောက်လာမည်ဖြစ်သည်။

ထားဝယ်ရေနက်စီမံကိန်းနှင့်ပတ်သက်၍လည်း အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများအား တိုးမြှင့်ရှာဖွေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံစလုံးမှ သဘောတူညီခဲ့ကြသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.